စာရင်းစစ်ချုပ်ဥပဒေ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/၈၈)
၁၃၅၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်
၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)
အမည်

၁။ ဤဥပဒေကို စာရင်းစစ်ချုပ်ဥပဒေဟု ခေါ်တွင်စေရမည်။

အခန်း (၂)
စာရင်းစစ်ချုပ် ခန့်ထားခြင်းနှင့် စာရင်းစစ်ချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် စာရင်းစစ်ချုပ်တစ်ဦးနှင့် ဒုတိယ စာရင်းစစ်ချုပ်တစ်ဦးကို ခန့်ထားရမည်။

၃။ စာရင်းစစ်ချုပ်၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ အစိုးရအဖွဲ့၊ ဝန်ကြီးဌာန၊ အစိုးရဌာန၏ ဆောင်ရွက်ချက်များသည် ပြည်သူလူထုအတွက် အကျိုးသက်ရောက်မှုရှိ၊ မရှိ စစ်ဆေး၍ သက်ဆိုင်ရာသို့ တင်ပြခြင်း၊
(ခ) ရသုံးမှန်းခြေငွေစာရင်းပါ ရငွေများကိုလည်း စုံစွာရရှိအောင် ရှိ မရှိ စစ်ဆေးခြင်း၊
(ဂ) ရသုံးမှန်းခြေငွေစာရင်းပါ သုံးခွင့်ပြုထားသည့် ငွေကြေးများကို ထိရောက်စွာ အသုံးပြု၊ မပြု စစ်ဆေးခြင်း၊
(ဃ) အစိုးရအဖွဲ့၊ ဝန်ကြီးဌာနများ၊ အစိုးရဌာနများအတွက် စာရင်းအင်းထားသိုပုံနည်းစနစ် သတ်မှတ်ပေးခြင်းနှင့် သတ်မှတ်ထားသောစနစ်နှင့်အညီ ကျင့်သုံးခြင်း ရှိ မရှိ စစ်ဆေးခြင်း၊
(င) တည်ဆဲဥပဒေအရဖြစ်စေ၊ ဤဥပဒေအရဖြစ်စေ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများအရဖြစ်စေ သတ်မှတ်သော အခြားတာဝန်များ ထမ်းဆောင်ခြင်း၊
(စ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကပေးအပ်သော အခြားတာဝန်များ ထမ်းဆောင်ခြင်း။

၄။ စာရင်းစစ်ချုပ်၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) စာရင်းစစ်ချုပ်ရုံး၊ ပြည်နယ် သို့မဟုတ် တိုင်းစာရင်းရုံးနှင့် မြို့နယ်စာရင်းရုံးများကို လိုအပ်သလိုဖွဲ့စည်းခြင်း၊
(ခ) ဒုတိယ စာရင်းစစ်ချုပ်နှင့် စာရင်းဝန်ထမ်းများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဂ) လိုအပ်သော နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ လက်စွဲများ ကို ထုတ်ပြန်ခြင်း။

အခန်း (၃)
အထွေထွေ

၅။ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဥပဒေ (၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် ၁၂) ကို ဤဥပဒေဖြင့် ရုတ်သိမ်းလိုက်သည်။